ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၇ – ၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

## ၂၀၁၇-၂၀၁၈ ခု ၊ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

( ၂၀၁၇ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၄ ။ )

၁၃၇၉ ခုနှစ်၊ နတ်တော်လဆန်း ၁၂ ရက်

( ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာ လ ၃၀ ရက် )

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်နှင့်စတင်အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို **၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ**ဟုခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်စေရမည်။

### အခန်း (၂)

### နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့်စီမံခန့်ခွဲခြင်း

၂။ (က) တိုင်းဒေသကြီး အစိုးရအဖွဲ့၊ တိုင်းဒေသကြီး လွှတ်တော်၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး အဆင့် ဌာန၊ အဖွဲ့အစည်းများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များနှင့် စပ်လျဉ်း၍ ဇယား(၁) နှင့် (၂)တို့တွင် ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့်ယှဉ်တွဲ ဖော်ပြထားသော သက်ဆိုင်ရာသုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ(က)တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၇ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားတာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၂၀၁၇ ခုနှစ် ၊ ရန်ကုန်တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

၃၀၊၁၁၊၂၀၁၇

ဝန်ကြီးချုပ်
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

# တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊တိုင်းဒေသကြီးဥပဒေချုပ်၊တိုင်းဒေသကြီးစာရင်းစစ်ချုပ်

ဇယား(၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၇ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုစုပေါင်း |
| | | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| | | ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၆၂၆.၄၆၁ | | | ၁၅၂၁၁.၇၀၄ | | | | ၁၅၈၃၈.၁၆၅ |
| | | ၂ | တိုင်းဒေသကြီးလွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၄၄.၆၀၀ | | | ၂၂၆.၂၇၀ | | | | ၂၇၀.၈၇၀ |
| | | ၃ | တိုင်းဒေသကြီးဥပဒေချုပ် | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | ၁၁.၀၈၀ | | | ၃၄၂.၅၀၀ | | | | ၃၅၃.၅၈၀ |
| | | ၄ | တိုင်းဒေသကြီးစာရင်းစစ်ချုပ် | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၂၀.၀၀၀ | | | ၁၉.၁၀၀ | | | | ၃၉.၁၀၀ |
| | | | ပေါင်း | | ၇၀၂.၂၃၁ | | | ၁၅၇၉၉.၅၇၄ | | | | ၁၆၅၀၁.၀၀၅ |

# တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့်စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၇ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုစုပေါင်း |
| | | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | | **ပြည်ထဲရေး** | တိုင်းဒေသကြီး ဝန်ကြီးချုပ် | ၈၂.၆၉၅ | | | ၆၈၄.၂၆၉ | | | | ၇၆၆.၉၆၄ |
| | | ၁ | အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန | သို့မဟုတ် | ၆၂.၁၃၁ | | | ၃၆၅.၂၆၉ | | | | ၄၂၇.၄၀၀ |
| | | ၂ | အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန | တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၀.၅၆၄ | | | | | | | ၂၀.၅၆၄ |
| | | ၃ | မီးသတ်ဦးစီးဌာန | | | | | ၃၁၉.၀၀၀ | | | | ၃၁၉.၀၀၀ |
| ၂ | ၂ | | **စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့်ဆည်မြောင်း** | ၄င်း | ၁၃၂.၂၄၇ | | | ၆၂.၁၀၀ | | | | ၁၉၄.၃၄၇ |
| | | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | ၃၀.၀၀၀ | | | ၆၂.၁၀၀ | | | | ၉၂.၁၀၀ |
| | | ၃ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၁၀.၃၀၀ | | | | | | | ၁၀.၃၀၀ |
| | | ၄ | သမဝါယမဦးစီးဌာန | | ၉၁.၉၄၇ | | | | | | | ၉၁.၉၄၇ |
| ၃ | ၃ | | **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၄င်း | ၂.၇၃၀ | | | ၁၀၁.၅၀၀ | | | | ၁၀၄.၂၃၀ |
| | | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | | | | ၁၀၁.၅၀၀ | | | | ၁၀၁.၅၀၀ |
| | | ၃ | သတ္တုတွင်းဦးစီးဌာန | | ၂.၇၃၀ | | | | | | | ၂.၇၃၀ |
| ၄ | ၄ | | **ကျန်းမာရေးနှင့် အားကစား** | ၄င်း | | | | ၂၄.၆၇၇ | | | | ၂၄.၆၇၇ |
| | | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | | | | ၂၄.၆၇၇ | | | | ၂၄.၆၇၇ |

၅

## တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့်စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၂)။ ။အဆုံး

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၇ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုစုပေါင်း |
| | | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၅ | ၅ | | စီမံကိန်းနှင့်ဘဏ္ဍာရေး | တိုင်းဒေသကြီး ဝန်ကြီးချုပ် | ၁၁.၅၈၀ | | | ၁၅.၀၆၈ | | | | ၂၆.၆၄၈ |
| | | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၁.၅၈၀ | | | ၁၅.၀၆၈ | | | | ၂၆.၆၄၈ |
| ၆ | ၆ | | ဆောက်လုပ်ရေး | ၎င်း | ၁၉၈၄.၈၃၇ | | | ၇၁၁၂.၆၀၆ | | | | ၉၀၉၇.၄၄၃ |
| | | ၁ | လမ်းဦးစီးဌာန | | ၁၉၈၄.၈၃၇ | | | ၆၈၇၆.၆၀၆ | | | | ၈၈၆၁.၄၄၃ |
| | | ၂ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | | | | ၂၃၆.၀၀၀ | | | | ၂၃၆.၀၀၀ |
| ၇ | ၈ | | တိုင်းဒေသကြီးကုန်တင်ကုန်ချ ကော်မတီရုံး | ၎င်း | ၀.၁၀၆ | | | ၇၁.၀၀၀ | | | | ၇၁.၁၀၆ |
| ၈ | ၉ | | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | ၎င်း | | | | ၅၂၄၀.၂၇၀ | | | ၇၀၀.၀၀၀ | ၅၉၄၀.၂၇၀ |
| ၉ | ၁၀ | | စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | | | | ၈၇၃၁.၃၀၀ | | | | ၈၇၃၁.၃၀၀ |
| | | | ပေါင်း | | ၂၂၁၄.၂၆၃ | | | ၂၂၀၃၂.၈၇၀ | | | ၇၀၀.၀၀၀ | ၂၄၉၄၇.၁၃၃ |